## ပိဋကတ်တော်များကို ကြေးထက် အက္ခရာဖြင့် မှတ်တမ်းတင်ပါဠိဘာသာဖြင့် လုပ်ဆောင်ပြီးစီး၍ မြန်မာဘာသာဖြင့် ထပ်မံလုပ်ဆောင်နေ

ဘုရားဟော ပိဋကတ်တော်များကို ကြေးထက် အက္ခရာတင်၍ ကြေးပိဋကတ်တော်အဖြစ်  မှတ်တမ်းတင်ရာတွင် ပါဠိဘာသာဖြင့် ပြုလုပ်မှုပြီးစီး၍ မြန်မာဘာသာဖြင့် ကြေးပိဋကတ်တော်တစ်ဆူ ထပ်မံလုပ်ဆောင်နေကြောင်း ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်း ရေးအဖွဲ့ မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။ အဆိုပါကြေးပိဋကတ်တော် ကိုဗဟန်းမြို့နယ်၊ ကျောင်းတော်ရာရွှေကျင်တိုက်မှ မင်္ဂလာတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏ(သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) က ဦးဆောင် ပြုလုပ်ခြင်း ဖြစ်ပြီး ပါဠိကြေး ပိဋကတ်တော်တွင် ဝိနယပိဋကတ်ငါးအုပ်၊ အဘိဓမ္မာ ပိဋကတ် ၁၂ အုပ်၊ သုတ္တန္တပိဋကတ် ၂၃ အုပ် စုစုပေါင်း ပိဋကတ်အုပ်ရေ ၄၀ ပါဝင်ကြောင်းသိရပါသည်။ " နှစ်ပေါင်းများစွာ မပျောက်မပျက်ဘဲနဲ့ တာရှည်ခံအောင်အတွက် နောက်ဆုံးမှာ ကြေးနဲ့ လုပ်ဆောင်ဖို့ စိတ်ကူး ရခဲ့ပါတယ်" ဟု ကြေးပိဋကတ်တော် ပြုလုပ် လှူဒါန်းသူဆရာတော်ကမိန့်ကြားတော်မူခဲ့သည်။ အဆိုပါ ကြေးပါဠိ ပိဋကတ်တော်တွင် ကြေးပြား ချပ်ရေပေါင်း ၉၆၂၈ ချပ်ပါဝင်ပြီး တန်ဖိုးသန်း ၂၃၀ ကျော်ကုန်ကျ၍  ခုနှစ်နှစ်ကြာ  ပြုလုပ်ခဲ့ရကြောင်း သိရပါ

သည်။ " ကြေးနဲ့ ပါဠိပိဋကတ်တော် ပြုလုပ်ပြီးတဲ့အခါမှာပါဠိဘာသာ စကားမတတ်

တဲ့ ပုကဂ္ဂိုလ်တွေ အတွက် ပိဋကတ်တော်ကိုကိုယ်တိုင်ဖတ်ရှုနိုင်အောင် မြန်မာပြန်

ပိဋကတ်တော်ကို  ထပ်မံပြုလုပ်ရခြင်း ဖြစ်ပါတယ်။ မြန်မာပြန် ကြေးပိဋကတ်တော်

ပြုလုပ်ရာမှာ သင်မှတတ်တဲ့ ကျမ်း ၁၀ အုပ်မလွဲလို့ ပိဋကတ်တော် အုပ်ရေ ၃၀ ကို

ကြေးပိဋကတ်တော်အဖြစ် ပြုလုပ်သွားမှာပါ။ ပြီးစီးသွားတဲ့ ကြေးပါဠိပိဋကတ်တော်

တွေကိုလည်း လေ့လာချင်တယ်ဆိုရင် ကျောင်းမှာလာရောက်လေ့လာနိုင်ပါတယ်"

ဟုဆရာတော်က မိန့်ကြားခဲ့ကြောင်း  ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့

ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။